# တရုတ်ပြည် ကွေ့ဖိုး ၁၂ ရက် ခရီးစဉ်

ကနေ့ 2019 - April 15 ရက် တနင်္လာနေ့ဖြစ်ပါတယ်။ တရုတ်ပြည်ရဲ့အနောက်တောင်ဘက်မှာရှိတဲ့ ကွေ့ဖိုးနယ်ပယ်ကို တောင်ပိုင်းကယ်လီဖိုးနီးယား နန်ယမ်းကျောင်းသားဟောင်းများအသင်းနဲ့အတူ အလည်ထွက်မှာ ဖြစ်ပါတယ်။ လေယာဉ်ကနေ့ လည်ထွက်မှာမို့ မနက်စောစောပဲ အိမ်ကနေ လေဆိပ်ကို ဆင်း ဖြစ်တယ်။ China Eastern လေကြောင်းနဲ့ LAX ကနေ မွန်းလွဲ ၁၂ နာရီခွဲက ထွက်လာတာ ရှမ်ဟိုင်းကို နောက်တရက် ရှန်ဟိုင်းစံတော်ချိန် ညနေ ၅ နာရီ ၂၀ မိနစ်မှရောက်ပါတယ်။ ရှမ်ဟိုင်းရောက်တော့ကွေ့ဖိုးရဲ့မြို့တော် ဖြစ်တဲ့ကွေ့ယမ်းကို လေယာဉ်ပြောင်းပြီး နောက်နှစ်နာရီခွဲ ထပ်စီးပြီး ရအုံးမှာပါ။ ကွေ့ယမ်းကို သွားဘို့က ပြည်တွင်းခရီးဖြစ်နေလို့ ရှမ်ဟိုင်း ရောက်တော့ ရှမ်ဟိုင်း ပြည်တည်ရေးကို ဖြတ်ရပါတယ်။ ဒါကြောင့် ရှမ်ဟိုင်းအပြည်ပြည်ဆိုင်ရာ ဂိတ်ကနေ ထွက်ပြီး (၃) ထပ်မှာရှိတဲ့ ပြည်တွင်းရှမ်ဟိုင်း လေဆိပ်လုံခြုံရေးကို ဖြတ်ရပါတယ်။ သေတ္တာတွေကတော့ LAX ကထဲက ကွေ့ယမ်း အထိ စီစဉ်ထားလို့ ထုတ်စရာမလိုခဲ့ပါ။ ရှမ်ဟိုင်းကနေ ည ၉ နာရီ ၃၅ မိနစ် မှာစထွက်ပြီး ကွေ့ယမ်းကို ရောက်တော့ သန်းခေါင်ကျော်နေပါပြီး။ ကျနော်တို့ရဲ့ Tour guide Nicolas (ရှောက်ယမ်း) ကလေဆိပ်ကနေ လာကြိုပြီး ကျနော်တို့ ခရီးစဉ်တလျှောက်သုံးမဲ့ ဘတ်(စ်)ကားရှိရာ လေဆိပ်အပြင်ကို ထွက်ခဲ့ကြတယ်။ နောက် မိနစ် ၃၀ လောက်စီး ပြီးတော့ တည်းခိုမဲ့ Renaissance guiyang hotel ကိုရောက်ပါတယ်။ ဟောတယ်အသွားမှာ မနက်ဖြန် ခရီးစဉ်ကို ပြောပြပါတယ်။ ဟော်တယ်အခန်းရတော့ April 15 ရက် မနက်ပိုင်းကထဲက ထွက်လာတာ အခုဆို April 17 မနက် ၁ နာရီကျော် လောက်ရှိနေပြီမို့ မအိပ်နိုင်သေးဘဲ ရေချိုး မနက်ဖြန်အတွက် ပြင်ဆင်နဲ့ မနက် ၃ နာရီ ကျော်မှ အိပ်ဖြစ်တော့တယ်။

April 17, ဗုဒ္ဓဟူးနေ့ - စိတ်ဆောင်နေလို့လားမပြောတတ်၊ ၂ နာရီ ကျော်လောက်ပဲအိပ်ဖြစ်တယ် မနက် ၆ နာရီခွဲ wake-up call, မတိုင်ခင်ကလေးမှာ နိုးပါတယ်။ ၇ နာရီခွဲ မနက်စာစား၊ ၈ နာရီ ၄၅ မိနစ် သေတ္တာချ၊ ၉ နာရီ မှာ အားစွန်း (An Shun) ကို ခရီးစတင်ခဲ့ကြပါတယ်။ အားစွန်းအထိ ၂ နာရီ ကျော် ၃ နာရီ နီးပါး မောင်းရမှာပါ။ ကျနော်တို့ ဘတ်(စ်) ဟော်တယ်ကနေ ကွေ့ပြီးထွက်ကတဲကနေ ကွေ့ဖိုး အကြောင်းကို Nacolas ကစပြီးရှင်းပြ ပါတယ်။ တရုတ်ပြည်ရဲ့မြေပုံဟာ ကြက်ဖတကောင်းနဲ့ တူတယ်လို့ပြောကြတော့ ကွေ့ဖိုးဟာ ကြက်ဖရဲ့ပေါင် နားလောက်မှာရှိနေပါတယ်။ တကယ်တော့ ကွေ့ဖိုးဟာ မတိုးတက်တဲ့ ဆင်းရဲ တဲ့ နေရာ တခုဖြစ်တယ်။ သဘာ၀ ပထဝီအနေအထားအရ ၉၀ ရာနှုန်းဟာ တောင်တွေဖြစ်နေတာတွေ့ရပါမယ်။ လမ်းပမ်းဆက်သွယ်ရေး အလွန်ခက်ခဲကြမ်းတမ်းတဲ့ နေရာလည်း ဖြစ်ခဲ့တယ်။ များအကြာခင်ကာလကမှ တိုးတက်ခြင်းရင် လမ်း ဖောက်ဆိုတဲ့ဆောင်ပုဒ်အရ ကွေ့ဖိုးတခုလုံး လမ်းတွေဖေါက်၊ တံတားတွေဆောက်ခဲ့ကြတယ်။ အဓိက တိုးတက်ပြီး စီးပွားရေးကောင်း နေတဲ့ ပြည်နယ်တွေနဲ့လည်းလမ်းဖောက်ဆက်သွယ်ခဲ့တယ်။ အမြန်မီးရထားလမ်းတွေ ဖောက်ခဲ့တယ်။ လေဆိပ်တွေ ဆောက်ခဲ့တယ်။ အခု ၅နှစ်တာ အတွင်းမှာ ကွေ့ဖိုးဟာ တရုတ်ပြည်ရဲ့ တိုးတက်မှုအမြန်ဆုံး နယ်ပယ်တခုအနေနဲ့ ရပ်တည်လို့နေပါတယ်။ ကွေ့ဖိုးဆိုတဲ့ နံမည်ကို တရုတ်လို့ ရေးထားတာကို ပြန်ကြည့်ရင် ကွေ့ ဆိုတဲ့ စာလုံးဟာ အပေါ်က တစ် အလယ်က ဆုံ အောက်က ပေ့ ဆိုပြီး စာလုံးသုံးလုံးဆင့်ထားတာကို တွေ့ရမှာပါ။ အလယ်က ဆုံ ဟာ ဆုံဝုံ - တရုတ်ပြည်လို့ ဆိုရမှာပါ။ အောက်က ပေ့ ကတော့ ပေါင်ပေ့ ရတနာလို့ ယူပါတယ်၊ ဒါကြောင့် ကွေ့ဖိုးဟာ တရုတ်ပြည်ရဲ့ ရတနာတခုလို့ ဆိုကြပါတယ်။ နှစ်ပေါင်း ၆၀၀ ကျော်ကတဲ့က တရုတ်ပညာရှိတွေက ကွေ့ဖိုးကို တနေ့တိုးတက်မဲ့ တိုင်ပြည်ရဲ့တန်ဖိုးရှိတဲ့ နေရာတခုဖြစ်မယ်လို့ ဆိုထားတဲ့ အထောက်အထားတွေရှိပါတယ်။ ကွေ့ဖိုးရဲ့ ထူးခြားချက်တခုက မိုးများပေမဲ့ နေဘက် အရွှာနဲ့ပြီး ညမှာ အရွာများပါတယ်။ တောင်များ သလို မြစ်ချောင်းများလည်းများပါတယ်။ တောင်များတော့ လက်ဖက်ကောင်းထွက်ပါတယ် မိုးများရေများတော့ သောက်ရေပေါပြီး အနီးရှိပြည်နယ်တွေရဲ့ ပင်ပ သောက်ရေတွေကို အဓိကပေးနေပါတယ်။ ပူပြင်းလှတဲ့ နွေရာသီမှာ တောင်မပူပဲ အေးမြနေတာတွေ့ရမှာပါ။ နွေရာသီ အပန်းဖြေထွက်လည်ဘို့အကောင်း ဆုံးမြို့အဖြစ် လည်းလူသိများပါတယ်။ ရွှေ အစရှိတဲ့ တန်ရံဖုတတွေလည်း ပေါများစွာ ထွက်ပါတယ်။ တရုတ်ပြည်ရဲ့ လူနဲ့စုဖြစ်တဲ့ တိုင်းရင်းသားပေါင်း ၅၆ မျိုးစုရှိရာ ၄၈ မျိုးစုကို ကွေ့ဖိုးမှာနေထိုင်တာတွေ့ရမှာပါ။ လူနဲ့စုဖြစ်တဲ့ ဒီတိုင်းရင်းသားတွေဟာ အလွန်ဖေါ်ရွှေကြပြီး ဧည့်ဝတ်ကြေတတ်ကြပါတယ်။ သူတို့အဆိုအရပြောရရင် သူတို့က လမ်းလျှောက်တတ်သူတိုင်း ကတတ်ကြမယ်၊ စကားပြောတတ်သူတိုင်း သီချင်းဆိုတတ်ကြ ပြီး ရေသောက်တတ်သူတိုင်း အရက်သောက်တတ်ကြပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေများပေမဲ့ ဟန့် လူမျိုးကတော့ ၉၀ ရာနှုန်းလောက်ရှိ တယ်လို ့သိရပါတယ်။ ဒီလိုနဲ့ Tian Long Tunpu ကို ရောက်ပါတယ်။ ဒီနေရာက ရှေးကျတဲ့ ဟန်လူမျိုးစု တွေနေတဲ့နေရာလေးဖြစ်ပါတယ်။ သူတို့ရဲ့ ဘာသာစကားတွေ ဝတ်စုံတွေ အိမ်ပုံစံတွေဟာ တမူထူးတဲ့ ဟန်ယဉ်ကျေးမှုကို ဘန်ကာ ယဉ်ကျေးမှု အဖြစ်လူသိများခဲ့ပါတယ်။ သူတို့ရဲ့ ဝတ်စုံကို တရုတ်လို "ထိုဆံပေါက်ပေါက် အယ်တိုတရောက်တရောက် ယောက်ဆံ ဖျောက်ဖျောက်၊ ကြောင်ဆံ ခြောက်ခြောက်" လို့ဆိုပါတယ်။ ဆိုလိုတာ ကတော့ ခေါင်းပေါ်မှာ ခေါင်းပေါင်း ပေါင်းထားပါတယ်၊ နားမှာ နားစွဲ စွဲပြီး ခါးမှာ အဝတ်စတစ်စ ချိပ်ပြီး ခြေက

ဖိနပ်ကောက်ကောက် လေးကို စီးပါတယ်။ ရှေးအခါက ရွာမှာ အမျိုးသားတွေက စစ်ထွက် အပြင်ထွက်နေတော့ မိန်းမသားတွေပဲကျန်တာမို့ မသမာလူတွေလာပြီး အနိုင်ကျင့်လာခဲ့ရင် သူတို့စီးတဲ့ ဖိနပ်ထိပ်က ကောက်ထားပြီး ထိပ်မှာ ဓါးထည့်ထားတာကြောင့် ရန်သူကို ကန်ဘို့အတွက် ဖြစ်ကြောင်းသိခဲ့ရတယ်။ ဒီနေရာမှာက စစ်သားဟောင်းတွေ အများအပြားရှိပြီး ဒီစစ်သားတွေဟာ ဟန် နဲ့ Jiang မင်းဆက်များကနေ ရောက်လာတာဖြစ်ပါတယ်။ ဒီရာစုနှစ် အစပိုင်းလောက်မှာ ကွန်းဖြူးရှပ် ဝါဒ ပညာရှင်တွေက TianLong Tunpu လို့အမည်ပြောင်းခဲ့ကြတယ်။ ကျနော်တို့လည်းဂိတ်ဝကနေ လျှပ်စစ်ကားနဲ့ ခေါ်သွားပြီး ရွာထဲကို တစ်နာရီခွဲလောက် အချိန်ယူပြီး လျှောက်ကြည့်ကြပါတယ်။နေလည်စာကိုတော့ အားစွန်းဒေသ ရိုးရာအထူးနေ့လည်စာကိုစားကြပါတယ်။ ပြီးတော့ Longgong Scenic Area ကိုကျနော်တို့ရဲ့ တိုးဘတ်(စ်)နဲ့ သွားကြပါတယ်။ visiter center ကနေ လက်မှတ်ဝယ်ပြီး Longgong (လုံးဂူ) က ဘတ်(စ်)ကားတွေနဲ့ ဂိတ်အဝနားကို ပို့ပေးပါတယ်။ လုံးဂူဟာ ဧရိယာအားဖြင့် ၂၀ စတုရန်းမိုင်ခန့်ကျယ်ဝန်ပါတယ်။ လုံးဂူဟာ တရုတ်ပြည်ရဲ့ အရှည်ဆုံး၊ အကြီးဆုံး နဲ့ အလှဆုံးရေရှိတဲ့ သဘာဝတရားရဲ့ အံ့ဖွယ် လိုဏ်ဂူ တခုဖြစ်တယ်။ လုံးဂူဘတ်(စ်) ကားပေါ်ကနေဆင်းပြီးတော့ ကျနော်တို့ မိနစ် ၃၀ လောက် မြေပြန့် လမ်းလျှောက်ပြီးတော့ လိုဏ်ဂူတခု အတွင်းကရေတွေ အရှိန်ပြင်းပြင်းနဲ့ တဝေါ်ဝေါ်စီးကျနေတဲ့ ရေတံခွန်ရှိရာကို ရောက်ပါတယ်။ ရေတံခွန်ကိုမော့ကြည့်လိုက်ရင် လိုဏ်ဂူအပေါ်ဘက်က အပေါက်တခုကနေ ရေတွေစီးနေ တာကိုတွေ့ ရမှာပါ။ ရေတံခွန်ကိုမြင်လိုက်ရတော့ စောစောက လျှောက်လာရတဲ့ ပင်ပန်းတာတွေ အကုန်ပျောက်ကုန်ပါတယ် အဲဒီကနေ နဂါးပုံ တံတားကို ဖြတ်ပြီး ဓါတ်လှေခါးနဲ့ အပေါ်တက်ပြီးနောက်ထပ် မိနစ် ၂၀ လောက်လျှောက်လိုက် တော့အောက်ကမြင်တဲ့ ရေတံခွန်ရဲ့ အပေါ်ကိုရောက်ပါတယ်။ ရှစ်ယောက်စီး စက်တပ်လှေနဲ့ ရေလိုဏ်ဂူထဲကို သွားကြတယ်။ ရေလိုဏ်ဂူအဆုံးတော့ ဆင်းပြီးဆက်သွားရင် နောက် ထပ်တောင် လေးလုံးလောက် ဖြတ်လျှောက်ရအုံးမှာပါ။ ကျနော်တို့က ရေလိုဏ်ဂူ အဆုံးရောက်တော့ မဆင်းပဲ ဒီစက်လှေနဲ့ဘဲ ပြန်ခဲ့ကြတယ်။ စက်တပ်လှေနဲ့ ရေလိုဏ်ဂူထဲသွားရတာ Disneyland က small world စီးရသလိုမျိုး ခံစားရပါတယ်။ နောက်လာလမ်းအတိုင်း လမ်းလျှောက် ဓါက်လှေခါးစီး လမ်းပြန်လျှောက် လုံးဂူ ဘတ်(စ်) စီးပြီး visitor center ကိုပြန်ရောက်ပါတယ်။ စုစုပေါင်း နှစ်နာရီခွဲလောက် လည်ပြီး အားစွန်းမြို့ရဲ့ အထူးညစာကို စားပြီး Double tree by Hilton hotel Anshun မှာ တရက်တာ အနားယူခံကြတယ်။